ANFREL
Asian Network for Free Elections

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများအတွက်

# နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင်

## <u>ကြားဖြတ်အစီရင်ခံစာ</u>

### နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင် (IEOM) အကြောင်း

မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲများအတွက် ANFREL ၏ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးမစ်ရှင်ကို နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူ (၁၁) ဦးဖြင့် ဖွဲ့စည်းထားရာ ရန်ကုန်တွင် သုံးပတ်ခန့် အခြေပြု၍ ရွေးကောက်ပွဲဆိုင်ရာ သရုပ်ခွဲဆန်းစစ်လေ့လာသူ (Electoral Analysts) နှစ်ဦးအပြင် နိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့တွင် ဆယ်ရက်ခန့် နေရာချထားခဲ့သော ကာလတို စောင့်ကြည့်လေ့လာသူ (STO) ကိုးဦးတို့ပါဝင်သည်။

IEOM အဖွဲ့သည် ကြားဖြတ်ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခဲ့ကြရာ မဲဆွယ်စည်းရုံးမှုများကို စောင့်ကြည့်လေ့လာခြင်း၊ ရွေးကောက်ပွဲတွင် အဓိက ပါဝင်ပတ်သက်နေသူများနှင့် အသေးစိတ် တွေ့ဆုံမေးမြန်းမှုများ၊ မဲဆန္ဒနယ်မြေ (၁၃) ခုတွင် မဲရုံများကို အလျဉ်းသင့်သလို နမူနာရွေးချယ်ကြည့်ရှုခြင်းများ လုပ်ဆောင်နိုင်ခဲ့သည်။ စုစုပေါင်း အရေအတွက်အားဖြင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်မှ နိုဝင်ဘာလ (၂) ရက်နေ့အကြား ကြိုတင်မဲပေးရက်များအတွင်း မဲရုံပေါင်း (၂၅) ရုံကိုလည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲနေ့ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် မဲရုံပေါင်း (၁၁၈) ရုံကို လေ့လာနိုင်ခဲ့သည်။

ဤကြားဖြတ်အစီရင်ခံစာတွင် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်၊ ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်ခြင်းနှင့် မဲဆွယ်ခြင်းရပ်နားကာလအပါအဝင် ရွေးကောက်ပွဲအကြို လှုပ်ရှားမှုများသာမက ရွေးကောက်ပွဲနေ့ လုပ်ဆောင်နေမှုများဖြစ်သည့် မဲရုံဖွင့်သည့်အချိန်မှစ၍ မဲရေတွက်ခြင်း၊ မဲများပေါင်းခြင်းနှင့် ရလဒ်ကြေညာခြင်းတို့အပေါ် ဆန်းစစ်ချက်များ ပါဝင်သည်။

ANFREL သည် အပြည့်အစုံပါဝင်သည့် မစ်ရှင်အစီရင်ခံစာကို ကြားဖြတ်ရွေးကောက်ပွဲအပြီး တစ်လအကြာတွင် ထုတ်ပြန်မည်ဖြစ်ရာ ဤကြားဖြတ်အစီရင်ခံစာတွင်ပါဝင်သည့် အချက်အလက်များနှင့်ပတ်သက်ပြီး အသေးစိတ်များ ပါဝင်မည့်အပြင် ရွေးကောက်ပွဲအပြီး ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းခြင်းအပေါ် ဆန်းစစ်ချက်နှင့် အကြံပြုချက်များလည်း ပါဝင်မည်ဖြစ်ပါသည်။

ANFREL ၏ စောင့်ကြည့်လေ့လာမှုသည် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် မူများ ကြေညာချက်၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများအတွက် ဘန်ကောက်ကြေညာစာတမ်းနှင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် Dili ညွှန်းကိန်းများကို လိုက်နာဆောင်ရွက်ပါသည်။

## အကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ANFREL အဖွဲ့သည် အေးအေးချမ်းချမ်းနှင့် အများလက်ခံသည့် ကြားဖြတ်ရွေးကောက်ပွဲကို လေ့လာကြည့်ရှုခဲ့ကြရာ ရလဒ်ကို အနုတ်လက္ခဏာဆောင်သော သက်ရောက်မှု ပေးမည့် အရေးပါသောအဖြစ်အပျက်များ မရှိကြောင်းတွေ့ခဲ့ရသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများမှာလည်း ယေဘုယျအားဖြင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတိုင်းပင် အေးချမ်းစွာရှိခဲ့သည်။ စောဒကတက်မှု အနည်းငယ် ရှိခဲ့သော်လည်း အဓိကဝေဖန်မှုအကြောင်းအရာမှာ အာဏာရပါတီ၏ မဲဆွယ်စည်းရုံးရာတွင် အသုံးပြုသော ပစ္စည်းများတွင် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များ၏ ပုံရိပ်များကို အသုံးပြုသည်ဆိုသော အကြောင်းအရာ ဖြစ်သည်။

သို့သော်လည်း မဲဆန္ဒနယ်အများစုတွင် မဲရုံဝန်ထမ်းများ၏ ကြိုတင်ပြင်ဆင်မှုအဆင့်နှင့် မဲရုံနေရာချထား ပုံတို့မှာ တသမတ်တည်းမဖြစ်မှုများကို မှတ်သားခဲ့ရသည်။ ခြုံငုံ၍ဆိုရပါက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် (နောင်တွင် UEC ဟု သုံးပါမည်) နှင့် ၎င်း ၏ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လုပ်ဆောင်မှုများ အဆင်ပြေသည်ဟု ယူဆနိုင်သော်လည်း ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကာလနှင့် နှိုင်းယှဉ်ပါက မဆိုစလောက် အားနည်းမှုများ ရှိနေပါသည်။ မဲဆန္ဒရှင်စာရင်းတွင် အိမ်ထောင်စုအလိုက်ပြန်စီထားခြင်း မျိုးနှင့် ရလဒ်မဲစာရင်းများပေါင်းခြင်းနှင့် ရေးသွင်းခြင်းကို ကွန်ပြူတာဖြင့် လုပ်ဆောင်ခြင်းကဲ့သို့သော အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုများသည် လည်း မဲဆန္ဒရှင် အသိအမှတ်ပြုဖြတ်ပိုင်းစာရွက် ထုတ်မပေးခြင်း၊ မဲရုံဝန်ထမ်းများက ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများအပေါ် တာဝန်အရသာ လက်ခံရပြီး လိုလားဟန်မပြခြင်း၊ ပြီးပြည့်စုံသော ရွေးကောက်ပွဲ အချိန်ဇယားမရှိခြင်းကဲ့သို့သော အနုတ် လက္ခဏာဆောင်သည့် ကိစ္စရပ်များကြားတွင် မပေါ်လွင်ခဲ့ရပေ။

တိုးတက်အောင်လုပ်ဆောင်ရန်များ လိုအပ်သော ပြဿနာဖြစ်နိုင်သည့် နယ်ပယ်အချို့ ရှိနေသေးရာ အချို့ကို ဖော်ပြရပါက ကြိုတင်မဲပေးခြင်းစနစ်များ၊ တပ်ရင်းတပ်ဖွဲ့ များအတွင်းမှ မဲရုံများ၊ မဲဆန္ဒရှင်စာရင်းကို နောက်ဆုံး အခြေအနေနှင့်အညီ ပြင်ဆင်နေခြင်း လုပ်ငန်းစဉ်တို့တွင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်များ ရှိနေသေးသည်။

ANFREL အနေဖြင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် မြင်တွေ့ ခဲ့ရသော အားနည်းချက်များကို ကျော်လွှားနိုင်ရန် အကြံပြုချက်များပေးထားရာ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ပိုမို၍ စနစ်တကျလုပ်ဆောင်ရန်နှင့် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် မျှော်မှန်းချက်ဖြင့် အကြံပြုထားခြင်းဖြစ်သည်။ သို့မှသာ ကာလအပိုင်းအခြားအလိုက် ပြုလုပ်နေကျဖြစ်သော လွတ်လပ်၍မျှတသော ရွေးကောက်ပွဲများ၏ လိုအပ်ချက်များကို ပြည့်စုံစေနိုင်သည့် သေချာစွာ ဂရုတစိုက်လုပ်ဆောင်ပြီး ပွင့်လင်းမြင်သာသော ဒီမိုကရက်တစ် လုပ်ငန်းစဉ်များအပေါ် မြန်မာပြည်သူများအနေဖြင့် ယုံကြည့်မှုရှိလာမည်ဖြစ်သည်။

**အစီရင်ခံစာ အသေးစိတ်**

## ၁။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးမှုများမှာ အနည်းငယ်သော အဖြစ်အပျက်များအား သတင်းပေးပို့မှုများမှလွဲ၍ ယေဘုယျအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းရှိသည်ဟု ဆိုနိုင်ရာ ၂၀၁၇ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများအတွင်း မဲဆွယ်စည်းရုံးမှုများ၏ ငြိမ်းငြိမ်းချမ်းချမ်းရှိခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်း ခဲ့သည်။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်များတွင်ပါဝင်သော လမ်းညွှန်ချက် များကို ပါဝင်ပတ်သက်ကြသူများအားလုံးမှ သဘောတူခဲ့ကြပြီး တင်းမာမှုများထွက်ပေါ်လာမှုကို ကာကွယ်ရာတွင် အထောက်အကူဖြစ်ခဲ့သည်။

နိုင်ငံတဝှမ်းတွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများမှာ ပြင်းပြင်းထန်ထန်မရှိလှဘဲ အများပြည်သူပါဝင်သော ပွဲအနည်းငယ်သာရှိကာ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများတွင် မဲဆန္ဒရှင် အနည်းငယ် သာ ပါဝင်ခဲ့ကြသည်။ မည်သို့ဆိုစေကာမူ မဲဆန္ဒနယ်အများစုတွင် ဒေသခံ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှုများတွင် တစ်ဦးနှင့်တစ်ဦး ပဋိပက္ခမဖြစ်စေရန် လည်းကောင်း၊ လိုက်နာအပ်သော ကျင့်ဝတ်များနှင့် ဆန့်ကျင်မှုမရှိစေရန်လည်းကောင်း ပါတီများအကြား ဝင်ရောက်ညှိနှိုင်းပေးခဲ့သည်။

မဲဆွယ်စည်းရုံးသည့် ကာလတလျှောက်လုံးတွင် စောဒကတက်မှုအနည်းငယ်သာရှိခဲ့သည်။ ဝေဖန်မှုအများဆုံးသော အကြောင်းအရာမှာ အာဏာရပါတီ၏ မဲဆွယ်စည်းရုံးရာတွင် အသုံးပြုသော ပစ္စည်းများတွင် အစိုးရတာဝန်ရှိသူ များ၏ ပုံရိပ်များကို အသုံးပြုသည်ဆိုသော အကြောင်းအရာဖြစ်သည်။ ထို့အပြင် အတိုက်အခံပါတီများကလည်း မဲဆွယ် စည်းရုံးသည့်ကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်များသို့ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် နှစ်ခုလုံးမှ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်အတော်များများ သွားရောက်ကြသည်ဟု စောဒကတက် ခဲ့ကြသည်။ ထိုသို့သော စောဒကတက်မှုများထွက်ပေါ်လာရခြင်းမှာ ရွေးကောက်ပွဲဥပဒေဆိုင်ရာ မူဘောင်တွင် ပါဝင်သော စကားရပ်များ၏ မရှင်းလင်းမှုကြောင့်ဖြစ်ရာ ထိုစကားရပ်များ ရှင်းလင်းမှုရှိရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ထောင်စုအဆင့်တွင် လုပ်ဆောင်ရလိမ့်မည်ဖြစ်သည်။

## ၂။ ရွေးကောက်ပွဲနေ့၌ လုပ်ဆောင်မှုများ

နိုဝင်ဘာလ (၃) ရက်နေ့တွင် မိမိတို့၏ လေ့လာစောင့်ကြည့်သူများသည် မြို့နယ် (၁၀) မြို့နယ်ရှိ မဲရုံ (၁၁၈) ရုံတို့၌ ရှိနေခဲ့ကြရာ မဲရုံဖွင့်သည့် လုပ်ငန်းစဉ်အတွက် (၁၅) ရုံ၊ မဲပေးနေသည့်အချိန်များအတွက် (၉၃) ရုံနှင့် မဲရုံပိတ်သည့် လုပ်ငန်းစဉ်အတွက် (၁၀) ရုံတို့တွင် လေ့လာကြည့်ရှုခဲ့ကြသည်။ မဲရုံအချို့တွင် ဆန္ဒမဲလက်မှတ်၏ မှန်ကန်မှုကို ထိ ခိုက်မှုမရှိခဲ့သော သေးငယ်သောအမှားများတွေ့ရသော်လည်း မဲပေးခြင်းဆောင်ရွက်မှုများကို ချောမွေ့စွာ ဆောင်ရွက် နိုင်ခဲ့ကြသည်။

သို့သော် မဲရုံဝန်ထမ်းတို့၏ ကြိုတင်ပြင်ဆင်မှုအဆင့်နှင့် မဲရုံနေရာချထားရေးတို့တွင်မူ ကွဲပြားမှုများစွာရှိကြောင်း တွေ့ခဲ့ရသည်။ မဲဆန္ဒရှင်စာရင်းစာအုပ်တို့တွင် မဲဆန္ဒရှင်မှ လက်မှတ်ထိုးရန် လိုအပ်ချက် သို့မဟုတ် မဲဆန္ဒရှင်တို့၏ လက်သန်းများရှိ မင်ကို စစ်ဆေးခြင်းကဲ့သို့ အချို့သော အခြေခံအကျဆုံးစည်းမျဉ်းများကိုပင် အချို့သောနေရာများ၌ စည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ယင်းကဲ့သို့ တသမတ်တည်း မရှိမှုတို့သည် မဲရုံဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးမှုတွင် ညီမျှမှုမရှိခြင်းကြောင့် ဟုလည်းကောင်း၊ မဲရုံဝန်ထမ်းအချို့မှာ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုတွင် ယခင်ကအတွေ့အကြုံမရှိခြင်းကြောင့် ဟုလည်းကောင်း ANFREL က မှတ်ယူသည်။

ထိုဖြစ်ရပ်များကို ကိုင်တွယ်ရန်အတွက် UEC အနေဖြင့် ယင်းသို့သော အသေးစားကိစ္စရပ်များကိုဖြေရှင်းရန် ဝန်ထမ်း

အားလုံးအား ပြင်းထန်သည့် လေ့ကျင့်သင်တန်းပေးခြင်းများကို အာရုံပြုလုပ်ဆောင်ရမည်ဖြစ်ပြီး၊ ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်တွင် တစ်ပုံစံတည်းဖြစ်ရန်ကို အာမခံချက်ပေးရမည်ဖြစ်သည်။ ANFREL အနေဖြင့်လည်း UEC ကို "၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲများ - မဲရုံမှူး၊ လက်ထောက်မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ လက်စွဲစာအုပ်" ကဲ့သို့သော အသုံးပြုနိုင်သည့် ထောက်ကူပြုပစ္စည်းများအား ပြန်လည်အသုံးပြုရန် အားပေးပါသည်။ ယင်းလက်စွဲစာအုပ်ကို ယခုနှစ်တွင် ဖြန့်ဝေထားသော်လည်း မဲရုံဝန်ထမ်းတို့က သုံးစွဲမှုမျိုး မတွေ့ရပေ။

၂၀၂၀ ခုနှစ် အထွေထွေနှင့် ဒေသဆိုင်ရာ ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ရာ၌ အထူးသဖြင့် လာရောက်မဲပေးသူအရေအတွက် နည်းပါးနိုင်သည်ကိုစဉ်းစားလျက် လူစုလူဝေး စီမံခန့်ခွဲမှုကိုလည်း တိုးတက်အောင် လုပ်ဆောင်ရမည့်နယ်ပယ်တစ်ရပ်အဖြစ် မိမိတို့က ရှုမြင်ပါသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ထုတ်ဝေပေးခဲ့သော မဲဆန္ဒရှင် အသိအမှတ်ပြုဖြတ်ပိုင်းစာရွက်များကို ဆက်လက်မသုံးစွဲတော့ခြင်းနှင့်စပ်လျဉ်းပြီး ANFREL က ပြန်လည်တမ်းတမိသည်။ ယင်းဖြတ်ပိုင်းကို ထုတ်ပေးခြင်းသည် မဲဆန္ဒရှင်များကို ပညာပေးရာတွင်နှင့် ရွေးကောက်ပွဲနေ့ လုပ်ငန်းလုပ်ဆောင်မှုတို့တွင် အဆင်ပြေချောမွေ့စေရေး နှစ်ရပ်စလုံးအတွက် အထောက်အကူဖြစ်သည်။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ဖြတ်ပိုင်းထုတ်ပေးသည့် နေရာအနည်းငယ်တွင်မူ မဲဆန္ဒရှင်နှင့် မဲရုံဝန်ထမ်းတို့သည် မဲစာရင်းတွင် အမည်များကို ပိုမိုလွယ်ကူ မြန်ဆန်စွာ ရှာဖွေနိုင်ပြီး၊ လုပ်ငန်းစဉ် ပြေပြစ်မှုကို ပိုမိုအားကောင်းစေခဲ့ပါသည်။

မဲရေတွက်ခြင်းနှင့် ရလဒ်များကို ပေါင်းခြင်းနှင့် စာရင်းရေးသွင်းခြင်းကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ပြီး၊ အသေးစားအမှားအယွင်းအနည်းငယ်သာရှိကြောင်း သတင်းရခဲ့သည်။ သို့သော် တခါတရံတွင် အချိန်အလွန်ကြာသည့်အတွက် မဲရုံဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်းများ တိုးမြှင့်ပေးခြင်းဖြင့် တိုးတက်အောင် လုပ်ဆောင်နိုင်ပါသည်။ ဤနေရာတွင် ANFREL အနေဖြင့် ရလဒ်များကို ပေါင်းခြင်းနှင့် စာရင်းရေးသွင်းခြင်းအား ကွန်ပြူတာဖြင့် ကနဦးစတင်ဆောင်ရွက်နေသည်ကိုမူ ကြိုဆိုလိုက်ပြီး၊ ယင်းသို့ဆောင်ရွက်ခြင်းသည် နောက်ဆုံး ရလဒ်ကို ထုတ်ပြန်ရာတွင် ပိုမိုသေချာစေပြီး၊ ပိုမိုမြန်ဆန်မှုရှိစေပါသည်။

ခြုံငုံ၍ ဆိုရသော် နိုဝင်ဘာ ၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် မဲရုံများသည် ANFREL လေ့လာကြည့်ရှုခဲ့သော ပြီးခဲ့သည့် ရွေးကောက်ပွဲ နှစ်ခုနှင့်မတူဘဲ ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တသမတ်တည်း ဖြစ်အောင် အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။ ဤနေရာတွင် ၂၀၁၈ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲများသည် ကြီးမားသည့် မည်သည့်တိုးတက်မှုကိုမှ မလုပ်ဆောင်နိုင်ခဲ့ပေ။ ထိုသို့ တိုးတက်မှုမရှိဘဲ တန့်နေခြင်းသည် မခိုင်မာသေးသည့် ဒီမိုကရက်စီနောက်ခံတွင် အခွင့်အရေးတစ်ရပ် လက်လွတ်ဆုံးရှုံးရသလို ခံစားရသည်။ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူအားလုံး၏ ကြိုတင်ပြင်ဆင်မှုများ၊ မဲဆန္ဒရှင်တို့အား လုံလောက်သည့်ပညာပေးမှုများနှင့် အမှားအယွင်းမဖြစ်အောင် ကြိုတင်ကာကွယ်သည့် လိုအပ်သော ဥပဒေစည်းမျဉ်းများကို လိုက်နာမှုရှိရေးတို့ သေချာမှုရှိအောင် နောက်ထပ်အဆင့်များစွာ ထပ်မံလုပ်ဆောင်သင့်ပါသည်။

## ၃။ ကြိုတင်မဲပေးခြင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် ကြိုတင်မဲပေးခြင်းမှာ ပြဿနာဖြစ်နိုင်သည့် နယ်ပယ်တစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ စနစ်မှာ ယေဘုယျအားဖြင့် ပွင့်လင်းမြင်သာသော်လည်း၊ စောင့်ကြည့်လေ့လာမှုတို့ကို အခက်အခဲဖြစ်စေခဲ့သည့် ရှုတ်ထွေးသော အချိန်ဇယားများနှင့် ကြိုတင်မဲပေးနိုင်ရန် ဘောင်ဝင်ရမည့် သတ်မှတ်ချက်များကြောင့် စနစ်ကို အားနည်းသွားစေကာ သတင်းအချက်အလက်များကို ပိုင်နိုင်သူ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူအချို့ ပင်လျှင် ရှုပ်ထွေးမှုကို ဖြစ်ပေါ်စေခဲ့သည်။

ANFREL မှ စောင့်ကြည့်လေ့လာသူတို့၏ အစီရင်ခံစာများတွင် မဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးခြင်းစနစ်များကို အကောင်အထည်ဖော်ရာ၌ တသမတ်တည်း မရှိခြင်းကိုတွေ့ရရာ မဲရုံများသည် ၎င်းတို့ ဖွင့်သင့်သည့်ရက်ထက်

နောက်ကျ၍ ဖွင့်ခဲ့ကြသည့် ဖြစ်ရပ်အချို့ကို တွေ့ခဲ့ရသည်။ ထိုဖြစ်ရပ်များသည် မဲပေးပိုင်ခွင့် ဆုံးရှုံးသွားခြင်းသို့ ဦးတည်နိုင်သည်။

ယခင်နှစ်မှထက် သိသာထင်ရှားသည့် တိုးတက်မှုမှာ ကြိုတင်မဲပေးမှုအတွက် ဆန္ဒမဲလက်မှတ်ပေါ်တွင် ဘောပင်အစား တံဆိပ်တုံးကိုအသုံးပြုခဲ့သည့် ဖြစ်ရပ်များမရှိခဲ့ဘဲ မဲလက်မှတ်များ၏ ဖြောင့်မှန်မှု သို့မဟုတ် လျှို့ဝှက်မှုတို့တွင် စည်းမျဉ်းအတိုင်းမလိုက်နာသည့် ဖြစ်ရပ်နှစ်ခုကိုသာ တွေ့ရှိခဲ့ရသည်။ သို့သော်ငြားလည်း ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ မဲရုံဝန်ထမ်းတို့၏ ကြိုတင်ပြင်ဆင်မှုအဆင့်မှာ မဲပေးသည့်နေ့နှင့်ယှဉ်လျှင် နည်းပါးလျက် ရှိနေဆဲပင်ဖြစ်သည်။

မသန်စွမ်းသူများနှင့် အသက်အရွယ်ကြီးရင့်သူတို့အနေဖြင့် ၎င်းတို့၏ ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် မဲပေးရန်မှတ်ပုံတင်ခဲ့ပါက ၎င်းတို့အတွက် ရွေ့လျားစနစ်ဖြင့်မဲပေးခြင်းကို စီစဉ်ပေးခဲ့သည့် အားထုတ်မှုများကိုမူ ANFREL က အသိအမှတ်ပြုပါသည်။ ထို့အပြင် UEC အား ယင်းလုပ်ငန်းစဉ်ကို တိုးမြှင့်လုပ်ဆောင်ရန် အားပေးပါသည်။ သို့မှသာလျှင် အနာဂတ်တွင် ထိလွယ်ခိုက်လွယ်သော မဲဆန္ဒရှင်များအနေဖြင့် ပိုမို၍မဲပေးခွင့်ရမည် ဖြစ်သည်။ သို့သော် ယင်းလုပ်ဆောင်ခြင်းကြောင့် မသန်စွမ်းသူများ အသုံးပြုနိုင်သည့် မဲရုံများကို မထားရှိတော့ခြင်း မျိုးတော့ မဖြစ်သင့်ပေ။

မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းများနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်က မိမိတို့ထုတ်ပြန်ခဲ့သည့် စိုးရိမ်မှုများသည် အကြုံးဝင်နေဆဲပင်ဖြစ်ရာ သတင်းအချက်အလက်ရရှိနိုင်မှု အနည်းငယ်သာရှိပြီး UEC အနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ရန် ကိုင်တွယ်နိုင်မှုတွင် အကန့်အသတ်ရှိနေသည်။

ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းများအနေဖြင့် ပိုမိုသဟဇာတဖြစ်ပြီး၊ ပိုမိုအောင်မြင်မှုရှိသည့် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်တစ်ရပ် သေချာစေရေးအတွက် ဆောင်ရွက်သင့်သည့် အဆင့်များကို စဉ်းစားသင့်ရာ ယင်းတွင် အကြောင်းအရာနှင့်စပ်လျဉ်းသည့် လက်စွဲစာအုပ်တစ်အုပ်ကို ပုံနှိပ်ဖြန့်ဝေခြင်း၊ မဲရုံဝန်ထမ်းများအတွက် သီးသန့် သင်တန်းဆောင်ရွက်ပေးခြင်း သို့မဟုတ် တနည်းအားဖြင့် လက်ရှိ ဥပဒေ၊ စည်းမျဉ်းများကို မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲ တာဝန်ရှိသူများအတွက် အသုံးပြုနိုင်စေရန် ရိုးရှင်းအောင်ပြုလုပ်ပေးခြင်းတို့ ပါဝင်နိုင်သည်။

## ၄။ ရွေးကောက်ပွဲဆိုင်ရာ စီမံအုပ်ချုပ်မှု

ခြုံငုံသုံးသပ်ရပါက UEC နှင့် ၎င်း၏ ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ဆောင်ချက်များသည် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ရာတွင် နောက်ထပ် ပိုတိုးတက်လာအောင် လုပ်ဆောင်ရန်များရှိပါသည်။ UEC သည် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ပြည့်စုံသည့် အချိန်ဇယားတစ်ရပ်ကို ကြေညာခြင်း မပြုခဲ့ခြင်းကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုအပေါ် အရေးပါစွာပင် သက်ရောက်မှုရှိခဲ့သည်။ ဥပဒေ၊ စည်းမျဉ်းအများစုမှာ အခြေခံသဘောအရ ပြီးခဲ့သည့်နှစ်ကအတိုင်းပင်ဖြစ်ပြီး၊ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းများသည် အဆင့်တိုင်း၌ မိမိကိုယ်ပိုင်ဆင်ခြင်စဉ်းစားမှုကို ပိုမိုအသုံးပြု၍ အကောင်အထည်ဖော်ခဲ့ကြရရာ ရလဒ်မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း၌ အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း မဲရုံတစ်ရုံနှင့်တစ်ရုံ စည်းမျဉ်း များအတိုင်း တသမတ်တည်း မရှိတော့ပေ။

မဲရုံဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲနေ့ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ လုံလောက်သော သတင်း အချက်အလက်များ သို့မဟုတ် ညွှန်ကြားချက်များကို မရခဲ့ကြပေ။ မဲရုံလုပ်သားများအနေဖြင့် နှစ်ရက်တာ သင်တန်းတက်ခဲ့သည်ဟု ပြောခဲ့ကြသော်လည်း၊ အချို့မှာ တာဝန်ကျေရုံသာ လုပ်ဆောင်နေကြောင်း ပြသနေသည်။ ထို့ကြောင့် မဲရုံဝန်ထမ်းများအား ရေရှည်သင်တန်းပေးရန် ANFREL မှအကြံပြုလိုပြီး UEC အား ၂၀၂၀ ခုနှစ် နိုင်ငံတဝှမ်း ရွေးကောက်ပွဲတို့အတွက် ရွေးကောက်ပွဲအချိန်ဇယားကို ကြိုတင်၍ ပြည်သူအများသိရှိအောင် ကြေညာရန်တိုက်တွန်းပါသည်။ သို့မှသာလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ပတ်သက်နေသူများအနေဖြင့် ၎င်းတို့

ကိုယ်တိုင်အတွက် မှန်ကန်သော ပြင်ဆင်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဒေသဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ သို့မဟုတ် ကျေးရွာလူကြီးတို့ထံမှ သီးခြားကြိုးပမ်းအားထုတ်မှုများမှလွဲ၍ ANFREL ၏ လေ့လာစောင့်ကြည့်သူတို့မှ မီးမောင်းထိုးပြခဲ့သည့် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းအတွက် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုများမရှိခဲ့ပေ။

UEC သည် စုစုပေါင်းအားဖြင့် ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (၁၁၇၃) ဦး၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ (၂၅၆) ဦးနှင့် မီဒီယာကိုယ်စားပြုပုဂ္ဂိုလ် (၂၂၀) ဦးကို အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည်။[1] သို့သော် မဲရုံဝန်ထမ်းများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို တခါတရံတွင် နေရာပေးမှုမရှိကြောင်းတွေ့ခဲ့ရသည်။ အချို့သောကိစ္စရပ်များတွင် မဲရုံဝန်ထမ်းများသည် ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများမှ ဝင်ရောက်ပြောဆိုသည့် အချိန်မတိုင်ခင်အထိ စောင့်ကြည့်လေ့လာသူတို့၏ အခန်းကဏ္ဍတို့ကို မသိရှိခြင်းများ သို့မဟုတ် စောင့်ကြည့်လေ့လာသူများအား ကြိုဆိုမှုမရှိခဲ့သည့်ဖြစ်ရပ်များလည်းရှိခဲ့သည်။

စောင့်ကြည့်လေ့လာသူတို့မှာ မဲပေးသည့်လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရေးကို သေချာအောင် ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့်အလျောက် ANFREL အနေဖြင့် UEC အား ယင်းကိစ္စရပ်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားတို့ကို ပိုမိုသိရှိလာရေးတို့အတွက် ဆက်သွယ်ဆောင်ရွက် ပေးပါရန် အကြံပြုပါသည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုအဖွဲ့ အစည်းများနှင့် CSO များအကြား ပုံမှန်နှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများသည် အားကောင်းသော ဒီမိုကရေစီကို ထိန်းသိမ်းရာတွင် မရှိမဖြစ်လိုအပ်သည်။

## ၅။ မဲဆန္ဒရှင်စာရင်း

ပြည်သူတိုင်းအတွက် ၎င်းတို့၏အမည်များကို စစ်ဆေးရန်နှင့် လိုအပ်လျှင် အမှန်ပြင်နိုင်ရန် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီတွင် မဲဆန္ဒရှင်စာရင်းကို နှစ်ကြိမ်ပြသသော်လည်း မဲဆန္ဒရှင်အနည်းငယ်ကသာ ထိုအခွင့်အရေးကို ရယူနိုင်ခဲ့သည်။ အများပြည်သူ မြင်သာသောနေရာများ၊ ဥပမာ - ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများအစား ဈေးကဲ့သို့ နေရာများတွင် မဲဆန္ဒရှင်စာရင်းများကို ပြသခြင်းသည် ပြည်သူများအတွက် ကြည့်ရှုရန် ပိုမိုလက်လှမ်းမီစေပြီး၊ အချက်အလက်များကို စစ်ဆေးရန် ကြည့်ရှုသူဦးရေတိုးလာနိုင်သည်။ ပြည်သူအများစု အသိအမှတ်ပြုပြီး ထိရောက်သော မဟာဗျူဟာဖြစ်သည့် တစ်အိမ်တက်ဆင်းစီစစ်ခြင်းဖြင့် မဲဆန္ဒရှင်စာရင်းကို နောက်ဆုံးအချက်အလက်များဖြည့်သွင်းရန်ကြိုးစားမှုကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနည်းစုကသာ တာဝန်ယူလုပ်ဆောင်သော်လည်း အများစုက လုပ်ဆောင်ခြင်းမရှိပါ။ ရလဒ်အနေဖြင့် ၂၀၁၈ ခုနှစ် မဲဆန္ဒရှင်စာရင်းသည် ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းထက် မဆိုသလောက် တိုးတက်မှုရှိခဲ့သည်။

မဲဆန္ဒရှင်စာရင်းများတွင် မတိကျသောအချက်အလက်များနှင့် အမှားများကို ANFREL မှ စောင့်ကြည့်လေ့လာသူများမှ တွေ့ရှိခဲ့သည်။ ၎င်းတို့မှာ မမှန်ကန်သော လိပ်စာများ၊ ကွယ်လွန်သွားသူများ မဲစာရင်းထဲတွင် ပါဝင်နေခြင်းများ ဖြစ်သည်။ ၎င်းအမှားများကြောင့် အနည်းငယ်သော ကိစ္စများတွင်သာ မဲဆန္ဒရှင်၏ မဲပေးပိုင်ခွင့်ဆုံးရှုံးမှုဖြစ်ခဲ့သည်။ ခြုံငုံကြည့်လျှင် မဲဆန္ဒရှင်စာရင်း၏ မှန်ကန်မှုသည် မြန်မာနိုင်ငံအတွက် အရေးပါသောကိစ္စတစ်ခုအဖြစ် ရှိနေဦးမည်ဖြစ်ပြီး၊ တိုးတက်မှုအတွက် လုပ်ဆောင်ရန်များစွာရှိနေသော်လည်း ယင်းက မဲဆန္ဒရှင်တို့၏ မဲပေးနိုင်စွမ်းကို အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုမရှိခဲ့ပေ။

ဘာသာစကားအခက်အခဲများသည် ဝေးလံသောနယ်မြေများတွင် ဆက်လက်ရှိနေပါသည်။ ယင်းနေရာများတွင် တိုင်းရင်းသားလူနည်းစုသည် မြန်မာစာလုံးများကိုမဖတ်နိုင်ခြင်း သို့မဟုတ် မိမိတို့၏ အမည်တို့ကို အမှန်အတိုင်း

---

[1] နိုင်ငံတကာစောင့်ကြည့်လေ့လာသူ (၂၅၆) ဦးတွင် သံရုံး (၂၂) ရုံးမှ သံရုံးစောင့်ကြည့်လေ့လာသူ (၁၅၉) ဦး၊ ရွေးကောက်ပွဲဆိုင်ရာ ကူညီပံ့ပိုးပေးသည့်အဖွဲ့ (၈) ဖွဲ့ (EAPs) ထံမှ စောင့်ကြည့်လေ့လာသူ (၇၀) ဦးနှင့် နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ လေ့လာစောင့်ကြည့်မှုအဖွဲ့အစည်းများ (ဆိုလိုသည်မှာ ANFREL ကဲ့သို့) ထံမှ (၂၇) ဦးတို့ဖြစ်ပါသည်။

မရေးသွင်းနိုင်ခြင်းများ ရှိသည်။ သာဓကအားဖြင့် ရှမ်းပြည်နယ်ရှိ ဝေးလံသောရွာတစ်ရွာတွင် အမျိုးသား မဲဆန္ဒရှင်အားလုံးအတွက် နာမည်တစ်ခုတည်းသာရှိပြီး၊ အမျိုးသမီး မဲဆန္ဒရှင်အားလုံးအတွက် အခြားနာမည်တစ်ခုသာ ရှိကြောင်း သတင်းပေးပို့မှုရှိခဲ့ပါသည်။

ယခုနှစ်၏ အပေါင်းလက္ခဏာဆောင်သော တိုးတက်မှုမှာ ၂၀၁၇ ခုနှစ်တွင် အသုံးပြုခဲ့သော အက္ခရာစဉ်အတိုင်း စီခြင်းအစား အိမ်ထောင်စုအစဉ်အတိုင်းစီခြင်းဖြစ်သည်။ ၎င်းသည် များစွာသောမဲဆန္ဒရှင်များကို ၎င်းတို့၏ အမည်များအား ပို၍လွယ်ကူစွာ ရှာဖွေနိုင်စေသော်လည်း မဲဆန္ဒရှင် အသိအမှတ်ပြုဖြတ်ပိုင်းစာရွက် မရှိခြင်းကြောင့် အနည်းငယ်အားနည်းသွားသည်။ အကောင်းဆုံးမှာ မြန်မာနိုင်ငံသားများအနေဖြင့် မဲဆန္ဒရှင်စာရင်းကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် နှစ်ခုစလုံးကို အသုံးပြုသင့်သည်။

လာမည့် ၂၀၂၀ ရွေးကောက်ပွဲများအတွက် UEC သည် မဲဆန္ဒရှင်စာရင်းတစ်ခုလုံးကို ကျယ်ပြန့်စွာ ပြုပြင်ပြောင်းလဲခြင်းလုပ်ဆောင်သင့်သည်။ သို့မှသာလျှင် တိကျသော အချက်အလက်များပါဝင်လာပြီး၊ နိုင်ငံသားတိုင်း မဲပေးနိုင်မည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများကို ပြည့်ပြည့်စုံစုံရေးသွင်းနိုင်ရန် တစ်အိမ်တက်ဆင်းစီစစ်ခြင်းကို အလေးပေးသင့်သည်။ ထို့ပြင် မဲဆန္ဒရှင်များသည် နိုင်ငံတဝှမ်း ရွေးကောက်ပွဲများအတွက် ၎င်းတို့၏ မိသားစုအချက်အလက်များကို UEC သို့ မည်သို့အချိန်မီတင်ပြရမည်ကို နားလည်ရန် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းကို တိုးမြှင့်လုပ်ဆောင်သင့်သည်။

## ၆။ ဥပဒေဆိုင်ရာ မူဘောင်

ရွေးကောက်ပွဲဥပဒေဆိုင်ရာ မူဘောင်တို့မှာ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများအတိုင်းပင် ဆက်လက်ရှိနေသည်။ ၎င်းသည် မြန်မာနိုင်ငံတွင် ဥပဒေလိုက်နာမှု ခိုင်မာစေရန် အထောက်အပံ့ဖြစ်သော်လည်း၊ ပို၍ပွင့်လင်း မြင်သာသော ရွေးကောက်ပွဲများနှင့် ပို၍မျှတသော ယှဉ်ပြိုင်နိုင်မှုအတွက် နောက်ထပ်ပြုပြင်ပြောင်းလဲမှုများ လိုအပ်သည်။ ဥပမာအားဖြင့် အပြည့်အဝရွေးချယ်တင်မြှောက်ထားသော လွှတ်တော်တစ်ရပ်ကို ထူထောင်ခြင်းသည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးတွင် အခြေခံကျသော အဆင့်တစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။

ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များ မဲဆန္ဒနယ်များသို့ သွားရောက်ခြင်းနှင့် ၎င်းတို့၏ ပုံရိပ်ကိုအသုံးပြုခြင်းတို့အပေါ်တွင် အထက်ပါစောဒကတက်မှုများနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာမူဘောင်အနေဖြင့် မဲဆွယ်စည်းရုံးမှု သို့မဟုတ် ပါတီလှုပ်ရှားမှုများဆိုသည်မှာ မည်သည်တို့ပါဝင်နေသည်ကို တိတိကျကျဖော်ပြနိုင်ခြင်းမရှိပေ။ ရလဒ်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့အစည်းများသည် ရှင်းလင်းသော ဥပဒေများကို ရည်ညွှန်းရုံသာ လုပ်ဆောင်ရမည့်အစား ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းတွင် အငြင်းပွားစရာများဖြစ်လျက်ရှိသည်။

ANFREL မစ်ရှင်က တွေ့ဆုံခဲ့ကြသည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အမျိုးမျိုးသည် ထိုသို့သော မရှင်းလင်းသည့် အရာများကို ဥပဒေ၊ စည်းမျဉ်းများ ပိုမိုပြဌာန်းရန် လိုလားကြပြီး ပို၍မျှတသော နိုင်ငံရေးဆိုင်ရာယှဉ်ပြိုင်မှုကို သေချာစေရန် အခြေခံစည်းမျဉ်းများကို ချမှတ်ရန်နှင့် နိုင်ငံပိုင် အရင်းအမြစ်များကို အလွဲသုံးစားပြုလုပ်နိုင်ခြေတို့ကို ကာကွယ်ရမည်ဟုဆိုကြသည်။

## ၇။ တပ်မတော် ဆန္ဒမဲပေးခြင်း

၂၀၁၇ ခုနှစ်ကကဲ့သို့ပင် နိုင်ငံတကာနှင့် ပြည်တွင်းမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၊ ပါတီကိုယ်စားလှယ်များသည် တပ်ရင်းတပ်ဖွဲ့ နယ်မြေများအတွင်းရှိ မဲရုံများကို လေ့လာစောင့်ကြည့်နိုင်ခဲ့ကြသည်။ ထိုအချက်သည် စွမ်းဆောင်နိုင်ရည်ကောင်းသော အတိုင်းအတာကို ယေဘုယျအားဖြင့် ပြသနေသော်လည်း ထိန်းချုပ်နယ်မြေများဖြစ်သည့် တပ်ရင်းတပ်ဖွဲ့နယ်မြေများတွင် မဲရုံများထားခြင်းသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် သွေဖယ်နေခြင်းကို ANFREL အနေနှင့် အလေးထားဖော်ပြရန် လိုအပ်သည်။

သာဓကတစ်ခုအနေနှင့် ANFREL လေ့လာစောင့်ကြည့်သူများ သွားရောက်ခဲ့သော တပ်နယ်မြေ မဲရုံတစ်ခုတွင် လူစုလူဝေးစီမံခန့်ခွဲမှုအားနည်းခြင်းနှင့် တိုးဝှေ့တန်းစီမှုများကို တွေ့မြင်ခဲ့ရပြီး အရေအတွက်များပြားသော မဲဆန္ဒရှင်များ အတွက် လျှို့ဝှက်ဆန္ဒပြုခန်းများမလုံလောက်မှုကြောင့် ပုံမှန်မဟုတ်သော မဲပေးမှုများကို ဖြစ်ပေါ်စေသည်ကို တွေ့ရှိရသည်။

## ၈။ လုံခြုံရေး အခြေအနေ

သွားရောက်လေ့လာခဲ့သော မဲဆန္ဒနယ် (၁၃) ခုစလုံးတွင် ANFREL လေ့လာရေးအဖွဲ့ဝင်များအတွက် အစီရင်ခံရန် သိသာထင်ရှားသည့် အကြမ်းဖက်မှု ဖြစ်ရပ်များမရှိခဲ့ပေ။ ထိုအချက်သည် သက်ဆိုင်ရာ ပါဝင်သက်ဆိုင်သူအားလုံး အထူးသဖြင့် UEC နှင့် အစိုးရ၏ လုံခြုံရေးသက်ဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိသောအောင်မြင်မှု ဖြစ်သည်။

သို့ရာတွင် အချို့မဲရုံများသည် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအကြား၊ ကြိုကြားကြိုကြား တိုက်ခိုက်မှုများ ဖြစ်ပွားနေသော ကျေးရွာများတွင် တည်ရှိသည်။ ထို့အပြင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အတွက် စစ်ဘေးရှောင်စခန်းများစွာ ပြန့်ကျဲတည်ရှိနေသည်။ အဆိုပါ တည်ငြိမ်မှုမရှိသည့် နေရာများတွင် မဲစာရင်းတွင် နာမည်မပါခြင်း၊ မဲဆန္ဒရှင် အသိပညာပေးမှုမရှိခြင်းနှင့် နိုင်ငံရေးအရ သိမ်းသွင်းမှုကဲ့သို့သော ပြဿနာကိစ္စများ များသောအားဖြင့် ဖြစ်ပေါ်ခဲ့သည်။ အဆိုပါအရေးကြီးသော နယ်မြေများတွင် မဲရုံအတွက် နေရာသစ်ရှာခြင်းနှင့် ဒေသခံပြည်သူများအတွက် နိုင်ငံရေးရပိုင်ခွင့်များ တိုးတက်မှုရှိအောင် နောက်ထပ် အဖြေရှာရန် ANFREL အနေနှင့် အကြံပြုလိုသည်။

## ၉။ မဲဆန္ဒရှင် ပညာပေးလုပ်ငန်း

အထူးသဖြင့်ကျေးလက်ဒေသများတွင် မဲဆန္ဒရှင်များသည် ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သိရှိနားလည်မှု အားနည်းကြသည်။ ၎င်းတို့သည် များသောအားဖြင့် ကျေးရွာသို့ မဲဆွယ်ရန် လာရောက်သော ကိုယ်စားလှယ် လောင်းများထံမှသာ ထိုအကြောင်းကို ကြားသိကြရသည်။ ထိုအချက်သည် နိုင်ငံအဆင့် မီဒီယာများ၏ ကြားဖြတ် ရွေးကောက်ပွဲအကြောင်း ဖော်ပြမှုနည်းပါးခြင်းကြောင့် ပိုဆိုးသွားခဲ့သည်။ ရွေးကောက်ပွဲအစီအစဉ်များနှင့် ကိုယ်စား လှယ်လောင်းများ၏ နောက်ခံအကြောင်းအရာကို မဲဆန္ဒရှင်များ မသိရှိကြသောကြောင့် မည်သူ့အား မဲပေးရမည်ကို ကျိုးကြောင်းခိုင်လုံစွာ ဆုံးဖြတ်ခြင်း မပြုလုပ်နိုင်ကြကြောင်း ယေဘုယျအားဖြင့် တွေ့ရှိရသည်။

၂၀၁၅ နှင့် ၂၀၁၇ ရွေးကောက်ပွဲနှစ်ခုစလုံးတွင် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းအတွက် CSO များနှင့် မီဒီယာများ၏ ကြီးမားသောအားထုတ်မှုများ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ထိုကဏ္ဍနှင့်ပတ်သက်၍ လုပ်ဆောင်မှုအနည်းအကျဉ်း သာရှိခဲ့သည်။ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်သက်ဆိုင်သူ အားလုံးထံမှ တက်ကြွသော ပါဝင်ဆောင်ရွက်မှုကို လိုအပ်သည့် အားလုံးနှင့်ဆိုင်သော နိုင်ငံရေးလုပ်ငန်းစဉ် တစ်ခုဖြစ်သည်။ မဲဆန္ဒရှင်အသိပညာ ပေးရာတွင် UEC ကသာ အဓိကဆောင်ရွက်ခြင်းမျိုး မဖြစ်သင့်ဘဲ မီဒီယာများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ရွာအသိုင်းအဝိုင်းများ အားလုံးကလည်း လှုပ်ရှားရှင်သန်နေသော ဒီမိုကရေစီ ပတ်ဝန်းကျင်တွင် ၎င်းတို့ ကိုယ်စီဝတ္တရားရှိသည့်အပိုင်းကို ပါဝင်လုပ်ဆောင်သင့်သည်။

## ၁၀။ အမျိုးသမီးများ ပါဝင်မှု

မဲဆွယ်စည်းရုံးမှုကာလအတွင်း နိုင်ငံရေးပါတီအားလုံး၏ လှုပ်ရှားမှုများတွင် အမျိုးသမီးများပါဝင်ခြင်းကို တွေ့မြင် ရသည်။ သို့ရာတွင် အမျိုးသားများက ဆက်လက်လွှမ်းမိုးနေသော နိုင်ငံရေးပါတီမဲဆွယ်စည်းရုံးရေးအဖွဲ့များ၊ နိုင်ငံရေးပါတီဖွဲ့စည်းပုံများ၏ အရေးကြီးသောနေရာများ၌ အမျိုးသမီးများပါဝင်မှုရှားပါးနေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးနယ်ပယ်များရှိ ဆုံးဖြတ်ချက်ချမှတ်သောကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုမှာ

များစွာအကန့်အသတ်ရှိသည်။

ကိုယ်စားလှယ်လောင်းအဖြစ် အမျိုးသမီးများ ပါဝင်မှုအချိုးသည်လည်း ၂၀၁၇ နှင့် ၂၀၁၅ ရွေးကောက်ပွဲများထက် သိသာစွာ ကျဆင်းသွားပြီး စုစုပေါင်း (၆၉) ဦးတွင် အမျိုးသမီး (၇) ဦးသာ ပါဝင်ကာ မဲဆန္ဒနယ် (၁၃) ခုတွင် (၄) ခု၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အလားတူပင် UEC မှ အသစ်ထပ်မံခန့်အပ်ထားသော ကော်မရှင်အဖွဲ့ဝင် (၅) ဦးမှာလည်း အမျိုးသားများပင်ဖြစ်နေသည်။ ရွေးချယ်မှုလုပ်ငန်းစဉ်သည် အမျိုးသမီးများပါဝင်မှုကို လက်ခံအားပေးရာတွင် တိုးတက်မှုရှိသင့်ပြီး မြန်မာနိုင်ငံ၏ အားလုံးတန်းတူညီမျှပါဝင်ရေး ကတိကဝတ်ကို ထင်ဟပ်ရမည်ဖြစ်သည်။

ကြိုဆိုရမည့် တိုးတက်မှုတစ်ခုမှာ မဲရုံဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်သည့် အမျိုးသမီးအရေအတွက် များစွာ မြင့်တက်လာမှုဖြစ်သည်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများနှင့်နှိုင်းယှဉ်လျှင် အရေအတွက် ပိုများလာသည့်အပြင် မဲရုံမှူးတာဝန်ကို ထမ်းဆောင်မှုပိုများလာသည်ကို ANFREL စောင့်ကြည့်လေ့လာသူများက တွေ့ရှိခဲ့သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ရွေးကောက်ပွဲနေ့ လုပ်ငန်းစဉ်အဆင့်အားလုံး၌ အမျိုးသမီးများပါဝင်မှုကို ဦးစားပေးသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့သည့်အတွက် UEC ကို ANFREL က ချီးကျူးမှတ်တမ်းတင်ပါသည်။

## အကြံပြုချက်များ

အထူးသဖြင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုတွင် တိုးတက်မှုရှိစေရန် ANFREL မစ်ရှင်၏ ဆန်းစစ်ချက်အနေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် အောက်ပါအကြံပြုချက်များကို တင်ပြလိုသည် -

- "၂၀၁၇ မြန်မာနိုင်ငံ ကြားဖြတ်ရွေးကောက်ပွဲများ - မဲရုံမှူး၊ လက်ထောက်မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲစာစောင်" ကိုအသုံးပြုရန်၊
- ချောမွေ့သော မဲပေးမှုလုပ်ငန်းစဉ်ဖြစ်စေရန်အတွက် သင့်လျော်မှန်ကန်သော လက်စွဲစာအုပ်နှင့် လမ်းညွှန်ချက်များကို ထုတ်ဝေခြင်း၊ မဲရုံဝန်ထမ်းများကို သင်တန်းပေးသည့်အလုပ်များ ဆက်လက်ဆောင်ရွက်ရန်၊
- ပိုမိုရိုးစင်းသော၊ စီမံရလွယ်ကူသော၊ ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်ဖြစ်စေရန်အတွက် ကြိုတင်မဲပေးခြင်းလုပ်ထုံးလုပ်နည်းများကို ပြောင်းလဲပြင်ဆင်ရေးကို စဉ်းစားရန်၊
- မဲဆန္ဒရှင်များအကြား ရှုတ်ထွေးမှုကို လျှော့ချရန်နှင့် မဲစာရင်းတွင် နာမည်ရှာဖွေရာတွင် လွယ်ကူစေရန်အတွက် မဲဆန္ဒရှင်အသိအမှတ်ပြု ဖြတ်ပိုင်းစာရွက်စနစ်ကို ပြန်လည်ကျင့်သုံးရန်၊
- ပယ်မဲအရေအတွက် လျှော့ချရန်နှင့် လာရောက်မဲပေးသူ အရေအတွက် မြင့်တက်လာစေရန်၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်း ကြိုးပမ်းမှုများကို ဦးစားပေးရန်၊ မဲဆန္ဒရှင်အသိပညာပေးမှုသည် မဲစာရင်းမှတ်ပုံတင်ခြင်းမှသည် မဲပေးခြင်းအထိ ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်အားလုံးကို ခြုံငုံမိအောင် ကျယ်ပြန့်မှုရှိရမည်၊
- အနာဂတ်ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲစီမံခန့်ခွဲမှုနှင့် ပါဝင်ပတ်သက်နေသူများ၏ လုပ်ငန်းစဉ်များ လိုက်လျောညီထွေရှိစေရန် လမ်းညွှန်ချက်အဖြစ် ရွေးကောက်ပွဲ ပြက္ခဒိန်ကို ကြိုတင်ထုတ်ပြန်ရန်၊
- နိုင်ငံသားမဟုတ်သူနှင့် မဲပေးပိုင်ခွင့်ဆုံးရှုံးသူ အရေအတွက်ကို လျှော့ချရန်အတွက် ဥပဒေပိုင်းဆိုင်ရာ မူဘောင်ကို ပြောင်းလဲပြင်ဆင်ရန်၊
- ရွေးကောက်ပွဲလုပ်ငန်းစဉ် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပါဝင်မှုကို မြင့်တက်စေမည့်၊ အားပေးမည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ရန်၊
- အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ စဉ်ဆက်မပြတ် ပါဝင်ပါတ်သက်ခြင်းမှတဆင့် ဒီမိုကရေစီစနစ်ကို တိုးတက်စေရန်အတွက် UEC ၊ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများနှင့် အခြား CSO များအကြား ပုံမှန်ဆက်သွယ်ဆောင်ရွက်မှုကို ထူထောင်ရန် အကြံပြုလိုပါသည်။